စစ်ဆေးခြင်းဖြင့် ပြည့်အကျိုးကိုဖော်ဆောင်မည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရက် ၁၀၀

သတင်းဆောင်းပါး - သူရဇော်(သတင်းစာ)၊ ဓာတ်ပုံ - ကျော်ရဲဆွေ (သတင်းစာ)

အချိန်နှင့်အမျှ အစိုးရဌာနအဖွဲ့အစည်းများအပေါ် ပြည်သူလူထုအတွက် တာဝန်ခံမှုတောင်းဆိုချက်သည် တမ္ဘာအနှံ့ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ချင်းချက်ဒေါ်ဝါဝင်လူကိုယ်ရှိသည်၊ အစိုးရအဖွဲ့အစည်းများ၏ ယုတ်လိမ်ဆောင်ရွက်ချက်များသည် နိုင်ငံတော်နှင့် ပြည်သူအတွက် မည်သည့်အတိုင်းအတာပမာဏအထိ အကျိုးသက်ရောက်မှုရှိသည်ကို ဝိစစ်သုံးသပ်နိုင်ရန်၊ စစ်ဆေးအစီရင်ခံတင်ပြနိုင်ခဲ့သောလွှင် ပြည်သူလူထုအတွက် တာဝန်ခံမှုကို ပိုမြင်ရှင်းလင်းစေခဲ့သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း။

နိုင်ငံတိုင်းတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ကိုယ်စား နိုင်ငံသားအားလုံးပိုင်ဆိုင်သည့် သယံဇာတအရင်းအမြစ်များကို စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့က တာဝန်ခံစီမံဆောင်ရွက်ရသည်။ အစိုးရအဖွဲ့၏ သယံဇာတအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုအခြေအနေအရပ်ရပ်ကို ပြည်သူများအားရှင်းလင်းတင်ပြရန် တာဝန်ရှိသဖြင့် အစိုးရအဖွဲ့နှင့် လွတ်ကင်းသော စာရင်းစစ်အဖွဲ့အစည်းကို သီးခြားဖွဲ့စည်း၍ ပြည်သူ့ဘဏ္ဍာငွေကြေးစီမံခန့်ခွဲမှု၊ အစိုးရ၏လုပ်ငန်းစီမံကိန်းများသည် ပြည်သူလူထု၏ပျော်မွန်းချက်များ၊ ဆန္ဒသဘောထားများနှင့် ကိုက်ညီမှုအခြေအနေကို စဉ်ဆက်မပြတ် သမာသမတ်ကျကျ အကဲဖြတ်လုပ်ဆောင်ရန် အမြင့်ဆုံးစစ်ဆေးရေးအဖွဲ့အစည်းအဖြစ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကို ဖွဲ့စည်းထားခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၊ စီးပွားရေးအဖွဲ့အစည်းတစ်ခုတွင် ရင်ဆိုင်နှင့် သုံးငွေ၊ ရရန်ရှိငွေနှင့် ပေးရန်ရှိငွေတို့သည် အရေးကြီးပြီး အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများ၊ ပူဂ္ဂလိကကုမ္ပဏီများ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ဘဏ္ဍာရေးပိုင်း၊ စာရင်းပိုင်းတွင် ပွင့်လင်းမြင်သာမှုရှိရန် ရင်ဆိုင် သုံးငွေ၊ ရရန်ရှိငွေနှင့် ပေးရန်ရှိငွေတို့ကို သတ်မှတ်ပြဋ္ဌာန်းထားသည့် စာရင်းစစ်၊ စာရင်းစစ်စံများနှင့်အညီ စနစ်တကျ ပြုစုထားရှိနိုင်ရန် အမှန်တကယ်လိုအပ်သည့်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရက် ၁၀၀ စီမံချက်တွင် ဦးစားပေးထည့်သွင်းဆောင်ရွက်လျက်ရှိသည်ကိုလည်း သိရသည်။

"စာရင်း၏ ဖြစ်ပေါ်ရာအခြေအမြစ်က လုပ်ငန်းဖြစ်ပြီး ပဓာနကျတဲ့လုပ်ငန်းကို အဓိကထား စစ်ဆေးမှသာလျှင် အကျိုးသက်ရောက်မှုရှိမှာဖြစ်ပါတယ်" ဟု ပြည်သူ့ငွေစာရင်းစစ်ဆေးရေးအရာရှိဟောင်းတစ်ဦးက မြန်မာနိုင်ငံ၏ စာရင်းစစ်လုပ်ငန်းအပေါ် သုံးသပ်ပြောကြားသည်။

စာရင်းစစ်ဆေးရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မှုသည် ပြည်သူ့ဘဏ္ဍာငွေများ ဝေယျာဝစ္စကိုယ်တိုင်ရော ငွေကြေးဆိုင်ရာ အလွဲသုံးစားပြုမှုများနှင့် အခွန်တိမ်းရှောင်မှုများကို နိုင်ငံအတွက် ကာကွယ်ပေးနိုင်သည့်အပြင် ပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အမှန်တကယ်လိုအပ်သည့် စီမံကိန်းများကို အစိုးရအဖွဲ့အနေဖြင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိကို အကဲဖြတ်ဆုံးဖြတ်နိုင်ပေမည်ဖြစ်သည်။

ထို့ကြောင့် စာရင်းစစ်ဆေးရေးလုပ်ငန်းတာဝန်များ၊ ကို စစ်ဆေးရသည့် အဖွဲ့အစည်းကို အုပ်ချုပ်ရေးအဖွဲ့မှ သီးခြားခွဲခြား၍ လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရှေးရှုလျက် သက်ဆိုင်ရာသို့ မေ့မိုဒ္ဓာန်ကျကျ ကြေကြေအစီရင်ခံနိုင်မည်ဖြစ်ပြီး စာရင်းစစ်ဆေးရေး၏ ရည်ရွယ်ချက်များကို ထိုးနှောက်ဆောင်ပြမှု စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်

ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သိရသည်။

"နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ်တွေမှာ ကောင်းမွန်တဲ့ စာရင်းစနစ်ဖြစ်ပေါ်လာဖို့ လိုအပ်သလို စာရင်းစစ်ချုပ်နဲ့ စာရင်းစစ်အဖွဲ့ လုပ်ပိုင်ခွင့်နဲ့ အခန်းကဏ္ဍတွေကို ခြင့်တင်ပေးဖို့လည်း အဓိကအရေးကြီးပါတယ်။ ဒါကြောင့် စာရင်းစစ်ချုပ်ရုံးကို သီးခြားအဖွဲ့အစည်းအဖြစ် လွတ်လပ်စွာစီမံခန့်ခွဲဆောင်ရွက်နိုင်ဖို့ လိုအပ်နေပါတယ်။ စာရင်းစစ်ချုပ်ရုံးရဲ့ တာဝန်ခံမှု၊ တာဝန်ယူမှုတွေကို လွှဲဖယ်တောက်ကတစ်ဆင့် ပြည်သူ့ကိုအသိပေးနိုင်ရင် ပိုကောင်းပါတယ်" ဟု လွှတ်တော်ပြည်သူ့ငွေစာရင်းကော်မတီဝင် ဟောင်းတစ်ဦးက သုံးသပ်ပြောကြားသည်။

ပြည်သူ့ဘဏ္ဍာပြုံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသော အစိုးရဖော်ဆောင်မှုတို့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများသည် အလွန်အရေးကြီးသည့်အပြင် လာတော်ပေးလာတော်ဟူမှု လုပ်ငန်းစဉ်တွင်လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာပါ အားနည်းချက်များ၊ ချိုယွင်းချက်များသည် ထိရောက်သော အရေးယူမှုပြုလုပ်နိုင်ရန် အလွန်ပဓာနကျသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို တိုင်းတာရာတွင်လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာများသည် မှာပြည့်ဝံ့ဆုံးအကိုးအကား၊ အထောက်အထားများဖြစ်သည့်ကို လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဆိုရသည်။

အစိုးရသစ်လက်ထက်တွင် ပြည်သူ့အခြေပြုလုပ်ငန်းများကို ဦးစားရပေးကြိုးပမ်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ရက် ၁၀၀ စီမံချက်တွင် ပုံမှန်စစ်ဆေးခြင်းအစီအစဉ်တစ်ရပ်ကိုလည်း ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။

"များပြားလှတဲ့ အစိုးရဝန်ကြီးဌာန အဖွဲ့အစည်းတွေကို နှစ်စဉ် ဘက်စုံထောင့်ရေအောင် မည်သည့်နည်းနဲ့မှု စစ်ဆေးနိုင်မှာမဟုတ်တဲ့အတွက် လုပ်ငန်းရဲ့ အရေးပါမှုကိုကြည့်ပြီး ပြည်သူလူထုရဲ့အကျိုးကို ဖော်ဆောင်ရာမှာ အားနည်းတဲ့ အဖွဲ့အစည်းတွေကို ရွေးချယ်ပြီး ဦးစားပေးစစ်ဆေးအစီရင်ခံတင်ပြသွားမှာ ဖြစ်ပါတယ်" ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြင်တမ်းအတွင်းဝန် ဒေါ်ခင်စန်းဦးက ပြောသည်။

ဆောင်ရွက်ထားသော လုပ်ငန်း၊ စာရင်း၊ ငွေကြေးဆိုင်ရာကိစ္စရပ်များသည် အမှားအယွင်းကင်းစင်မှု အခြေအနေစံစစ်ပြီး အမှားအယွင်းတွေ့ရှိပါက ညွှန်ပြခြင်းကို စစ်ဆေးခြင်းမှ သာမန်အားဖြင့် စာရင်းစစ်လုပ်ငန်းအပေါ် အမှားက လက်ခံနားလည်ကြသည်။

ယင်းသို့သွန်ပြခြင်းနှင့် ရပ်တန့်မသွားဘဲ တွေ့ရှိရသော အမှားအယွင်းဖြစ်ပွားရသည့် အကြောင်းရင်းကို ရှာဖွေ၍ နောင်မဖြစ်ပွားအောင်၊ နောင်ဖြစ်ပွားမှုလျော့ပါးသွားအောင် လမ်းညွှန်ရန်နှင့် ဆောင်ရွက်ချက်တစ်ရပ်သည် အမှားအယွင်းပင်မရှိစေကာမူ ထို့ထက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်သည့် နည်းလမ်းအခြေအနေကို စီစစ်ပြီး နည်းပေးလမ်းပြ



စာရင်းကိုင်သင်တန်းများ ဖွင့်လှစ်ပို့ချနေသည်ကို တွေ့ရစဉ်။

ပြည်သူ့အတွက် ပထမ ရက် ၁၀၀

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို စပြီးလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။



စာရင်းစစ်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်

ပြုလုပ်ရန်လည်း စာရင်းစစ်တစ်ဦး၌ တာဝန်ရှိသည်။ သို့ဖြစ်၍ စစ်ဆေးခြင်းဟူသော စကားရပ်သည် အကောင်းဘက်သို့ဦးတည်ပြီး အပြုသဘောဆောင်သည်ဟု စာရင်းဆိုင်ရာကျွမ်းကျင်ပညာရှင်များက လက်ခံကျင့်သုံးလျက်ရှိသည်။

စာရင်းစစ်ဆေးခြင်း၏ ရလဒ်များအနက် မြန်မာနိုင်ငံရှိ မြစ်ရေတင်လုပ်ငန်း ၆၇ ခုကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်းစစ်ဆေးခဲ့ရာ မူလလျာထားသည့် အကျိုးပြုကေ ၂၉၉၈၅၅ အနက် အမှန်ရေပေးဝေနိုင်သည့် ကေ ၄၈၁၃၃ စီမံကိန်းလျာထားချက်၏ ၁၆ ဒသမ ၃ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်သည်ကို တွေ့ရှိ အစီရင်ခံတင်ပြနိုင်သည့်အတွက် အစိုးရအဖွဲ့နှင့် လွှတ်တော်မှသိရှိ၍ ပြည်သူ့ဘဏ္ဍာငွေ အလုံးအရင်းဖြင့် တည်ဆောက်မည့် မြစ်ရေတင်စီမံကိန်းများကို ရပ်ဆိုင်းခြင်း၊ မြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်ဘဏ္ဍာ လေလွင့်ပြန်းတီး၍ ပြည်သူများအတွက် အမှန်တကယ်အကျိုးမရှိသည့် လုပ်ရပ်များကို တားဆီးနိုင်ခဲ့သည်။

ထိုကြောင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်း၏ လက်အောက်တွင် ထားရှိခြင်းထက် လွတ်လပ်စွာ ရပ်ထည်ဆောင်ရွက်နိုင်ပါက ယခုထက် ပိုမိုထိရောက်သောလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဟု လွှတ်တော်ကိုယ်စားလှယ်များနှင့် အလွတ်တန်းစာရင်းစစ်ပညာရှင်များက အခါအခွင့်သင့်တိုင်း တိုက်တွန်းလျက်ရှိသည်။

မြန်မာနိုင်ငံ၌ အစိုးရ၏ အုပ်ချုပ်မှုစရိတ်အသက်သာဆုံးဖြစ်ရန် စာရင်းပြုစုသည့် လုပ်ငန်းနှင့် စာရင်းစစ်ဆေးခြင်းလုပ်ငန်းကို ပေါင်းစပ်ဆောင်ရွက်မည့် မြန်မာနိုင်ငံ စာရင်းစစ်ဌာနကို ၁၈၉၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၇၂ ခုနှစ်အထိ တည်ရှိခဲ့သည်။ ၁၉၇၂ ခုနှစ်နောက်ပိုင်း ပြောင်းလဲလာသည့် အုပ်ချုပ်ရေးပုံစံများအလိုက် ခေတ်စနစ်နှင့်ကိုက်ညီအောင် ပြုပြင်ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖြစ် ပြောင်းလဲသတ်မှတ်၍ ဒီမိုကရေစီလုပ်ငန်းစဉ်နှင့်ကိုက်ညီသည့် လွတ်လပ်သည့် စာရင်းစစ်ဌာနဖြစ်ရန် ဆောင်ရွက်လျက်ရှိသည်။

"အမှန်က စာရင်းစစ်ချုပ်ကို နိုင်ငံတော်သမ္မတက ရွေးချယ်ခန့်အပ်တာထက် လွှတ်တော်က ရွေးချယ်တာဝန်ပေးခန့်အပ်ပြီး တာဝန်ခံမှုပြုလုပ်နိုင်ရင် ပိုကောင်းပါတယ်။ ဒါမှစာရင်းစစ်ချုပ်ရုံးအနေနဲ့ ပြည်သူတွေ ကိုယ်စား အစိုးရအဖွဲ့ရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို စောင့်ကြည့်ပြီး လွတ်လပ်၍ အနှောင့်အဖွဲ့ကင်းကင်းနဲ့စစ်ဆေးပြီး ပြည်သူကို အစီရင်ခံတင်ပြနိုင်မှာ ဖြစ်ပါတယ်"ဟု စာရင်းစစ်ဆိုင်ရာ ပြင်ပအကြီးတန်းအရာရှိတစ်ဦးက လည်း အကြံပြုပြောကြားသည်။

သတ်မှတ်ပြဋ္ဌာန်းထားသော မူဝါဒ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံတော်၏ နှစ်ရှည်၊ နှစ်တို နှင့် နှစ်စဉ်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ကြသည်။ ယင်းသို့ဆောင်ရွက်ရာ၌ လူအင်အား၊ ပစ္စည်းအင်အားနှင့် ငွေကြေးအင်အားတို့ကို ထိရောက်စွာ အသုံးပြုမှုသာ လုပ်ငန်းတွင်ကျယ်အောင်မြင်မှုရှိပြီး ပြည်သူတို့အတွက် အကျိုးသက်ရောက်စေမည် ဖြစ်သည်။ လုပ်ငန်းတွင်ကျယ်အောင်မြင်မှုရှိရန်မှာ ဆောင်ရွက်သော လုပ်ငန်းများ၌ ငွေကြေးနှင့် ပစ္စည်းများ လေလွင့်ပြန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ မသမာကိုယ်ကျိုးရှာမှုနှင့် အလွဲသုံးစားမှုများ ကင်းစင်ရန် အလွန်အရေးကြီးသည်။

ယင်းသို့ လုပ်ငန်းတွင်ကျယ်အောင်မြင်မှုကို အဟန့်အတားဖြစ်စေမည့် လေလွင့်ပြန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှုနှင့် အလွဲသုံးစားမှုများ နည်းနိုင်သမျှ နည်းပါးစေရန်အတွက် ကြီးကြပ်ကွပ်ကဲထိန်းချုပ်ရန်မှာ လုပ်ငန်းဆောင်ရွက်သော အဖွဲ့အစည်းအသီးသီးတွင် အဓိကတာဝန်ရှိသည်။

တာဝန်ရှိသော အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို မြင်ပမှထပ်ဆင့် စစ်ဆေးထိန်းချုပ်ပေးခြင်းအားဖြင့် လုပ်ငန်းအောင်မြင်ရေးအတွက် ပိုမိုရှိ၍ထိရောက်ပြီး အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ သို့ဖြစ်၍ အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းများကို သီးခြားလွတ်လပ်စွာ စစ်ဆေးအစီရင်ခံနိုင်ရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများကို ဖွဲ့စည်းရန်နှင့် စစ်ဆေးမည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။

ထိုပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများ အနေဖြင့် ပေးအပ်ထားသည့် စာရင်းစစ်ဆေးရေးတာဝန်များ၏ လုပ်ငန်းစဉ်များသည် တာဝန်ခံမှု(Accountability) ပိုမိုတိုးတက်စေရေး၊ ထင်သာမြင်သာရှိမှု (Transparency) ပိုမိုတိုးတက်စေရေး၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance) ဖြစ်စေရေးနှင့် ပြည်သူ့ဘဏ္ဍာငွေကြေးသုံးစွဲမှုအပိုင်းတွင် ခြိုးခြွေတာပြီး လုပ်ငန်းစွမ်းဆောင်ရည်ရှိစွာ ထိရောက်အကျိုးရှိစေမည့် အချက်အလက်များ အကြံဉာဏ်များဖြင့် ပံ့ပိုးရေးတို့အတွက် အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးလုပ်ငန်းများ အားလုံးတွင် တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျရှိစေရေး၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့် အညီ လိုက်နာဆောင်ရွက်ကြစေရေး ဝန်ထမ်းများသည် သတ်မှတ်စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ကြစေရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများက ဘဏ္ဍာရေးနှစ်အလိုက် စာရင်းစစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်များ အပေါ် ပြုပြင်ပေးခြင်း၊ တည့်မတ်ပေးခြင်း၊ ထောက်ပြပေးခြင်း၊ ကန့်ကွက်ချက်များ ထုတ်ပြန်၍ ပြုပြင်မှုများကို ဆောင်ရွက်စေလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုဆောင်ရွက်လျက်ရှိသည်။

"ပြည်သူလူထုအခြေပြုတဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေကို စစ်ဆေးဆောင်ရွက်ရာမှာ စာရင်းစစ်ဂုဏ်သိက္ခာ၊ သမာဓိ၊ ကျင့်ဝတ်များနဲ့အညီ ဆောင်ရွက်ကြပြီး ဝန်ထမ်းတစ်ဦးချင်း အရည်အသွေး၊ အရည်အချင်း ပိုမိုတိုးတက်လာစေဖို့ ပြည်တွင်း ပြည်ပသင်တန်းနဲ့ ဆွေးနွေးပွဲတွေကို စေလွှတ်ခြင်း၊ သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချခြင်းနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို အခါအားလျော်စွာကျင်းပခြင်း စတဲ့နည်းလမ်းများနဲ့ ကြိုးပမ်းဆောင်ရွက်သွားမယ်အပြင် ဝန်ထမ်းတွေရဲ့ သက်သာချောင်ချိရေးလုပ်ငန်းတွေကိုလည်း ပြည့်ဆည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်ဦးမော်သန်းက ပြောသည်။

■

ဝန်ထမ်းတစ်ဦးချင်း အရည်အသွေး၊ အရည်အချင်း ပိုမိုတိုးတက်လာစေရန် စာရင်းကိုင်သင်တန်းများ ဖွင့်လှစ်ပို့ချနေသည်ကို တွေ့ရစဉ်။